

စိတ်ကျရောဂါဟာ

# ခွဲစိတ်ကုသမှုကြောင့် ပျောက်မသွားဘူး

ဂျန် ဒါ ရီ

# စိတ်ကျရောဂါဟာ ခွဲစိတ်ကုသမှုကြောင့် ပျောက်မသွားဘူး
## ဂျန်ဒါရီ

မာတိကာ

(၁) အန်တီချို

(၂) တနင်္ဂနွေ

(၃) အစကို နာကျင်ပျော်ရွှင်

(၄) တနင်္လာနေ့

(၅) ဖြေရှင်းခက်တဲ့ ပြဿနာ

(၆) တချို့သူတွေဆို လူသားစားတဲ့သူတွေ ဖြစ်ကုန်ကြတယ်

(၇) အဘွား

(၈) ကပ္ပလီတို့အိမ်တွင် ကြောင်တစ်ကောင်ကို သတ်ပစ်ခြင်း

(၉) လေထုထဲမှာ နောင်ဘ၀အတွက် ကျိန်စာ

(၁၀) ဆုတောင်းတေး

(၁၁) စိတ်ကျရောဂါဟာ ခွဲစိတ်ကုသမှုကြောင့် ပျောက်မသွားဘူး

(၁၂) ပြုသောအသံ

(၁၃) ပေါင်ကို စာအုပ်တွေနဲ့ ထုနေမိတဲ့အချိန်

(၁၄) နောက်ဆုံးအစက်အပြောက်

* * *

အန်တီချို

ဆုံးပြီ ၊ မရှိတော့ဘူး တဲ့

သူ့အကြောင်းကို

ဇာတ်နာအောင် ရိုက်မယ်ဆိုရင်

တစ်ကားလုံးငိုရမယ့် ရုပ်ရှင်ပေါ့

ဒါပေမဲ့ ...တကယ့်ဘဝက

သူ့မှာ မျက်ရည်နဲ့မျက်နှာ တစ်ခါမှ မရှိခဲ့

သားမရှိ ၊ သမီးမရှိ

လင်မရှိ ... မိဘမရှိ

(၁၃ ) ပေလောက်ရှိတဲ့ အခန်းကျဉ်းလေးထဲမှာ

အကျဉ်းကျနေတာ မဟုတ်ပါဘူး

ကြွက်လို ပိုးဟပ်လို နေထိုင်တာလည်း မဟုတ်ပါဘူး

ပြောရရင် လူလိုတောင် မဟုတ်ဘူး

သူ့ဘဝမှာ ....သူ့ကိုယ်သူသာ

ကိုးကွယ်ရာဆိုတဲ့ နတ်သမီးတစ်ပါးလို ဖြစ်မယ်

ဟုတ်တယ် ၊ ဒုက္ခအငွေ့တွေ မြူနှင်းလို

တလူလူလွင့်လို့ ဆိုပြီး ဖွဲ့နွဲ့လိုက်ရင်ဖြင့်

အဲဒီအဖွဲ့အနွဲ့ကိုသာ "သူ" သိသွားရင်ဖြင့်

"မဟုတ်ပါဘူး ... သားလေးရယ်" ဆိုပြီး

သေချာတယ် ရယ်ဦးမယ်

မိုးလင်းတာနဲ့ တွန်းလှည်းလေးတွန်းတယ်လေ

သူများ သောက်ပြီးသား

ရေသန့်ဗူးတွေ ၊ ဘီယာပုလင်းခွံတွေက

သူ့အတွက် ထမင်းလုတ်တွေပေါ့

နေရောင်ခြည်အောက်မှာ ...

ကြာပန်းတွေနဲ့ ရေကန်ကြီးဘေးက

စိမ်းစိုနေတဲ့ကန်စွန်းခင်းလေးကို မြင်လိုက်ရသလိုပါပဲ

အခု ...

သူ့သေပုံ သေနည်းက လှလိုက်တာ။ ။

ဂျန်ဒါရီ

* * *